ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ကာကွယ်ရေးဝန်ကြီးဌာန

mod@nugmyanmar.org

# အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနက “ဝ” ပြည်နယ် ငြိမ်းချမ်းရေးတည်ဆောက်မှု (၃၃) နှစ်ပြည့်သို့ ပေးပို့သည့် သဝဏ်လွှာ

**ဧပြီလ(၁၇)ရက်နေ့၊ ၂၀၂၂ခုနှစ်**

၁။ ယနေ့ ၂၀၂၂ခုနှစ်၊ ဧပြီလ(၁၇)ရက်နေ့တွင်ကျရောက်သော “ဝ”ပြည်နယ် ငြိမ်းချမ်းရေးတည်ဆောက်မှု (၃၃)နှစ်ပြည့်သို့ ဂုဏ်ယူစွာဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

၂။ “ဝ”ပြည်သူများ၏အစဉ်အလာကြီးမားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို အာမခံချက်အပြည့်အဝရရှိစေရန်လည်းကောင်း၊ ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုနှင့်အထွေထွေလူမှုစီးပွားအခွင့်အလမ်းများ တိုးတက်မြင့်မားစေရန် အတွက်လည်းကောင်း “ဝ” အမျိုးသားခေါင်းဆောင်များနှင့် “ဝ” ပြည်သူများသည် ၁၉၈၉ ခုနှစ် ဧပြီလ (၁၇) ရက်နေ့တွင် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်တို့ကို ထူထောင်ကာ အခက်အခဲများကြားတွင် စည်းလုံးညီညွတ်စွာဖြင့် ငြိမ်းချမ်းရေးကို ကြိုးပမ်းတည်ဆောက်ခဲ့ကြသည်။

၃။ “ဝ” ပြည်နယ်၏ရရှိပြီးသော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှုနှင့်လူမှုစီးပွားကဏ္ဍပေါင်းစုံ တိုးတက်ဖွံ့ဖြိုးမှုများ အခွန့်ရှည်တည်တံ့ခိုင်မာစေရန် “ဝ” အမျိုးသားခေါင်းဆောင်များနှင့်“ဝ” ပြည်သူများ ဆထက်

ထမ်းပိုးကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်းနှင့်အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသစ်ကို အုတ်မြစ်ချထူထောင်ရာတွင် အမြော်အမြင်ကြီးမားစွာဖြင့် ဦးဆောင်ပါဝင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ